အောက်ပါတို့ကို မှန်လျှင် မှန်၊ မှားလျှင် မှားဟု ရေးပါ။

(၁) ကိုအောင်ဆန်းကို မကွေးတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် မွေးဖွားခဲ့သည်။

(၂)ကိုအောင်ဆန်းသည် အငယ်ဆုံးသားဖြစ်သည်။

(၃) ကိုအောင်ဆန်း၏ ငယ်နာမည်မှာ မောင်ထိန်လင်း ဖြစ်သည်။

(၄) ကိုအောင်ဆန်း၏ အဘိုးမှာ လုလင်ရှာသူကြီး ဦးမင်းရောင်ဖြစ်သည်။

(၅) ကိုအောင်ဆန်းမူလတန်းအောင်သောအခါ ရေနံချောင်းမြို့ အင်္ဂလိပ်အထက်တန်းကျောင်း၌ ဆက်လက် ပညာသင်ကြားခဲ့သည်။

(၆) ကိုအောင်ဆန်းသည် ၁၉၃၃ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။

(၇) ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံကို တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရန် ဗြိတိသျှတို့ထံမှ တောင်းဆိုခဲ့သည်။

(၈) ရဲဘော်သုံးကျိပ်တို့သည် တရုတ်တို့၏ အကူအညီဖြင့် စစ်ပညာသင်ယူခဲ့ကြသည်။

(၉) ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိခဲ့သည်။

(၁၀) ဗိုလ်ချုပ်အောင်ဆန်းသည် ငယ်စဥ်ကတည်းက မှန်ရာကိုပြောရဲသည့် စိတ်ဓါတ်ရှိသူ ဖြစ်သည်။

အောက်ပါကွက်လပ်များကို ဖြည့်ပါ။

(၁) ကိုအောင်ဆန်းသည် တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ပြီး ________အမည် ခံခဲ့သည်။

(၂) ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားများ ပူးပေါင်းပါဝင်သည့် _______ စာချုပ်ကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့သည်။

(၃) ဘီအိုင်အေကို ______နိုင်ငံ ဘန်ကောက်မြို့မှာ စတင်ဖွဲ့စည်းခဲ့သည်။

(၄) ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လန်ဒန်မြို့တွင် ________စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။

(၅) ရဲဘော်သုံးကျိပ်တို့သည် ဂျပန်၏ အကူအညီဖြင့် ________ ကျွန်းမှာ စစ်ပညာ သင်ယူခဲ့ကြသည်။

LIVEWORKSHEETS